JUL. 2023, VOL 9

# YANGON STOCK EXCHANGE

# ရန်ကုန်စတော့အိပ်ချိန်းမှထုတ်ဝေသောသုံးလပတ်သတင်းလွှာ

YSX Quarterly | E-Newsletter




## "(၈) ခုမြောက် စာရင်းဝင်ကုမ္ပဏီအဖြစ် MAEX ကုမ္ပဏီ စာရင်းဝင်ရောက်ခြင်းအခမ်းအနား ကျင်းပ"

Myanmar Agro Exchange Public Co., Ltd. (MAEX) ကုမ္ပဏီကို ရန်ကုန်စတော့အိပ်ချိန်း၏(၈)ခုမြောက်စာရင်းဝင်ကုမ္ပဏီ အဖြစ် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ(၃) ရက်နေ့တွင် စာရင်းဝင် ခွင့်ပြုခဲ့ပါသည်။စာရင်းဝင်ရောက်ခြင်းအခမ်းအနားကိုအမှတ်၂၄-၂၆၊ဆူးလေဘုရားလမ်းရှိရန်ကုန်စတော့အိပ်ချိန်းအဆောက်အဦးတွင် ယင်းနေ့ နံနက် (၉:၀၀) နာရီ၌ ကျင်းပခဲ့ပြီး စာရင်းဝင်သည့်နေ့ရှိ MAEX ကုမ္ပဏီ၏ အခြေခံရှယ်ယာဈေးနှုန်းမှာ(၁၈၀၀)ကျပ် ဖြစ်ပါသည်။ အဆိုပါအခမ်းအနား၌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် ဥက္ကဋ္ဌ၊ ဦးမောင်မောင်ဝင်းမှ နိုင်ငံ၏ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင်အရင်းအနှီးဈေးကွက်၏အရေးပါပုံများ၊ မြန်မာနိုင်ငံစတော့ဈေးကွက်၏ ဖြစ်ပေါ်တိုးတက်မှုများနှင့် ဈေးကွက်အတွင်း အများပိုင်ကုမ္ပဏီများ ပိုမိုဝင်ရောက်လာရေး အခြေအနေများကို ထည့်သွင်း၍ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ ဆက်လက်ပြီး ရန်ကုန်စတော့အိပ်ချိန်း၊ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းနိုင်ဦး နှင့် (MAEX) ကုမ္ပဏီ ဥက္ကဋ္ဌ ဦးဝင်းအောင်တို့မှ အမှာစကား အသီးသီးပြောကြားခဲ့ပြီး စာရင်းဝင်ခြင်းနှင့် ရှယ်ယာ စတင်ရောင်းဝယ်ခြင်း အထိမ်းအမှတ်အဖြစ် အောင်ဇေယျတု ခေါင်းလောင်းအား တီးခတ်ကာ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ပါသည်။

## ရန်ကုန်စတော့အိပ်ချိန်းသို့ YUE နှင့် TRADE TRAINING INSTITUTE တို့မှ လေ့လာရေးအဖွဲ့များ လာရောက်လေ့လာ

YUE-MBA အပတ်စဉ် (၂၆) မှ ကျောင်းသား/သူ (၄၄) ယောက် ပါဝင်သောလေ့လာရေးအဖွဲ့နှင့် Trade Training Institute အပတ်စဉ်(၇)မှ သင်တန်းသား/သူ (၅၃) ဦး ပါဝင်သော လေ့လာရေးအဖွဲ့တို့ သည် မေလ (၁၉) ရက်နှင့် (၃၁) ရက်နေ့များတွင် ရန်ကုန်စတော့အိပ်ချိန်းသို့ လေ့လာရေးခရီး လာရောက်ခဲ့ကြပါသည်။ အဆိုပါခရီးစဉ်များအတွင်း ရန်ကုန်စတော့အိပ်ချိန်းမှ အမှုဆောင်အကြီးတန်းမန်နေဂျာ ဦးသက်ထွန်းဦးက“Overview of Capital Market”ခေါင်းစဉ်ဖြင့် အရင်းအနှီးဈေးကွက်ဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပို့ချခဲ့ပါသည်။တက္ကသိုလ်များနှင့် ပုဂ္ဂလိကပညာရေးသင်တန်းကျောင်းများ၏ လေ့လာရေးခရီးစဉ်များကို ရန်ကုန်စတော့အိပ်ချိန်းမှ လက်ခံဆောင်ရွက်ပေးလျက်ရှိပြီး လေ့လာရေးလာရောက်လိုပါက ရုံးချိန်အတွင်း ဖုန်း (၀၁-၈-၃၇၁ ၂၇၄) သို့ ဖုံးဆက်ကာ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## WHAT'S INSIDE THIS ISSUE:

**APR ~ MAY~ JUN | 2023**

### သုံးလပတ်သတင်းများ


- (၈)ခုမြောက် စာရင်းဝင်ကုမ္ပဏီအဖြစ် MAEX ကုမ္ပဏီ စာရင်းဝင်ရောက်ခြင်းအခမ်းအနား ကျင်းပ
- ရန်ကုန်စတော့အိပ်ချိန်းသို့ YANGON UNIVERSITY OF ECONOMICS နှင့် TRADE TRAINING INSTITUTE တို့မှ လေ့လာရေးအဖွဲ့များ လာရောက်လေ့လာ

### စာရင်းဝင်ကုမ္ပဏီများ၏ အရေးကြီး ထုတ်ပြန်ချက်များ pg.2

**APR ~ MAY~ JUN | 2023**

*FMI* APR | MAY | JUN 2023

- နှစ်ပတ်လည်အစီရင်ခံစာနှင့် MD&A ထုတ်ပြန်
- အစုရှယ်ယာရှင်အတည်ပြုမည့်ရက် ကြေညာ

*MTSH* APR | MAY | JUN 2023

- အဆိုပြုထားသည့် အမြတ်ဝေစုအား အသိပေးကြေညာ
- နှစ်ပတ်လည်အစီရင်ခံစာနှင့် MD&A ထုတ်ပြန်
- အထူးအစည်းအဝေးနှင့် (၁၀) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဆုံးဖြတ်ချက်များထုတ်ပြန်

*MCB* APR | MAY | JUN 2023

- MCB နှင့် CTLI ကြား BANCASSURANCE သဘောတူစာချုပ်ချုပ်ဆိုပြီးကြောင်း ကြေညာ
- စာရင်းစစ်ဆေးပြီးသော ဘဏ္ဍာရေးအစီရင်ခံစာ ထုတ်ပြန်


CONTINUED

FROM PAGE 1:

**စာရင်းဝင်ကုမ္ပဏီများ၏ အရေးကြီး ထုတ်ပြန်ချက်များ**

**APR ~ MAY~ JUN | 2023**

*FPB* APR | MAY | JUN 2023

- အမှုဆောင်အရာရှိချုပ် တာဝန်မှအနားယူကြောင်း အသိပေးကြေညာခြင်း
- စာရင်းစစ်ဆေးပြီးသော ဘဏ္ဍာရေးရှင်းတမ်းများ ထုတ်ပြန်

*TMH* APR | MAY | JUN 2023

- နှစ်ပတ်လည်အစီရင်ခံစာနှင့် MD& A ထုတ်ပြန်

*EFR* APR | MAY | JUN 2023

- အဆိုပြုထားသည့်အမြတ်ဝေစုအားအသိပေးကြေညာ
- စာရင်းစစ်ဆေးပြီးသော ဘဏ္ဍာရေးရှင်းတမ်းများ ထုတ်ပြန်

*AMATA* APR | MAY | JUN 2023

- လုပ်ငန်းရောင်းချခြင်းဆိုင်ရာကြေညာချက်
- နှစ်ပတ်လည်အစီရင်ခံစာ၊ MD& A နှင့်ဘဏ္ဍာရေး ရှင်းတမ်းများ ထုတ်ပြန်

- **MCB [APRIL | 2023] MCB နှင့် CTLI ကြား BANCASSURANCE သဘောတူစာချုပ်ချုပ်ဆိုပြီးကြောင်း ကြေညာ**

၂၀၂၃ ခုနှစ် ဧပြီလ (၂၇) ရက်နေ့တွင် MCB ဘဏ်နှင့် Capital Taiyo Life Insurance Company (CTLI) တို့ Bancassurance Agreement အား လက်မှတ်ရေးထိုးချုပ်ဆိုကြောင်း ကြေညာခဲ့ပါသည်။
အသေးစိတ်ကြည့်ရှုရန်- https://rb.gy/od0kh

- **MCB [JUNE | 2023 ] စာရင်းစစ်ဆေးပြီးသော ဘဏ္ဍာရေး အစီရင်ခံစာ ထုတ်ပြန်**

၂၀၂၃ ခုနှစ်၊ ဇွန်လ (၂၃) ရက်နေ့တွင် MCB ဘဏ်မှ ၂၀၂၂ -၂၃ ဘဏ္ဍာရေးနှစ် အတွက် စာရင်းစစ်ဆေးပြီးသော ဘဏ္ဍာရေးရှင်းတမ်းများကို ထုတ်ပြန်ခဲ့ပါသည်။
အသေးစိတ်ကြည့်ရှုရန်- https://rb.gy/qoe7z

- **FPB [JUNE | 2023] အမှုဆောင်အရာရှိချုပ် တာဝန်မှအနားယူကြောင်း အသိပေးကြေညာခြင်း**

၂၀၂၃ ခုနှစ်၊ ဇွန်လ (၁၄) ရက်နေ့တွင် FPB ဘဏ်မှ အစည်းအဝေး ဆုံးဖြတ်ချက်အရ ဦးမြင့်ဇော်အား အမှုဆောင်အရာရှိချုပ်တာဝန်မှ အနားယူခွင့်ပြုကြောင်း ကြေညာခဲ့ပါသည်။အသေးစိတ်ကြည့်ရှုရန်-
https://tinyurl.com/ydk36ztn

- **FPB [JUNE | 2023] စာရင်းစစ်ဆေးပြီးသော ဘဏ္ဍာရေးရှင်းတမ်းများ ထုတ်ပြန်**

၂၀၂၃ ခုနှစ်၊ ဇွန်လ (၃၀) ရက်နေ့တွင် FPB ဘဏ်မှ ၂၀၂၂-၂၃ ဘဏ္ဍာရေးနှစ်အတွက် စာရင်းစစ်ဆေးပြီးသော ဘဏ္ဍာရေးရှင်းတမ်းများအား ထုတ်ပြန်ခဲ့သည်။
အသေးစိတ်ကြည့်ရှုရန်- https://tinyurl.com/55fec7j4

- **TMH [MAY| 2023] နှစ်ပတ်လည်အစီရင်ခံစာနှင့် MD& A ထုတ်ပြန်**

၂၀၂၃ ခုနှစ်၊ မေလ (၁၉) ရက်နေ့တွင် TMH ကုမ္ပဏီမှ ၂၀၂၃ ခုနှစ်အတွက် နှစ်ပတ်လည်အစီရင်ခံစာ နှင့် စီမံခန့်ခွဲရေးအဖွဲ့၏ဆွေးနွေးချက်အား ထုတ်ပြန်ခဲ့ပါသည်။
အသေးစိတ်ကြည့်ရှုရန် -https://tinyurl.com/4m2pbk5f
https://tinyurl.com/37bbt6xu

# LISTED COMPANY UPDATES (Q1-2023-24)

- **FMI [JUN | 2023] နှစ်ပတ်လည်အစီရင်ခံစာနှင့် MD& A ထုတ်ပြန်**

၂၀၂၃ ခုနှစ်၊ ဇွန်လ (၂၆) ရက်နေ့တွင် FMI ကုမ္ပဏီမှ နှစ်ပတ်လည်အစီရင်ခံစာ (၂၀၂၃) နှင့် စီမံခန့်ခွဲရေးအဖွဲ့၏ ဆွေးနွေးလေ့လာသုံးသပ်ချက်များအား အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်-
https://tinyurl.com/2resne3j (နှစ်ပတ်လည်အစီရင်ခံစာ)
https://tinyurl.com/5dyyrfuh (စီမံခန့်ခွဲရေးအဖွဲ့၏ ဆွေးနွေးချက်)

- **FMI [JUN | 2023] အစုရှယ်ယာရှင်အတည်ပြုမည့်ရက် ကြေညာ**

၂၀၂၃ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကုန်ဆုံးသည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် အမြတ်ဝေစုခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင်အဖြစ် အတည်ပြုမည့်ရက်အား FMI ကုမ္ပဏီမှ ၂၀၂၃ ခုနှစ်၊ ဇွန်လ (၃၀) ရက်နေ့တွင် အများပြည်သူသို့ ကြေညာခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်-https://tinyurl.com/7dxp9h74

- **MTSH [APRIL | 2023] အဆိုပြုထားသည့် အမြတ်ဝေစုအားအသိပေးကြေညာ**

၂၀၂၃ ခုနှစ်၊ ဧပြီလ (၂၅) ရက်နေ့တွင် MTSH ကုမ္ပဏီမှ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် အဆိုပြုထားသည့် အမြတ်ဝေစု၊ အမြတ်ဝေစုခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင်အဖြစ် အတည်ပြုမည့်ရက်နှင့် အမြတ်ဝေစုခံစားခွင့်မရှိသော အစုရှယ်ယာဝယ်ယူသည့်ရက်တို့ကို ကြေညာခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်
- https://tinyurl.com/2p9d2uwc

- **MTSH [MAY | 2023] နှစ်ပတ်လည်အစီရင်ခံစာနှင့် MD& A ထုတ်ပြန်**

၂၀၂၃ ခုနှစ်၊ မေလ (၂၄) ရက်နေ့တွင် MTSH ကုမ္ပဏီမှ (၂၀၂၁-၂၂) နှင့် (၂၀၂၂-၂၃) ဘဏ္ဍာနှစ်များအတွက် နှစ်ပတ်လည် အစီရင်ခံစာနှင့် စီမံခန့်ခွဲရေးအဖွဲ့၏ ဆွေးနွေးလေ့လာသုံးသပ်ချက်များအား အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။
အသေးစိတ်ကြည့်ရှုရန်-https://tinyurl.com/z2yrxv47 ( နှစ်ပတ်လည်အစီရင်ခံစာ)
https://tinyurl.com/yxuc24ve (စီမံခန့်ခွဲရေးအဖွဲ့၏ ဆွေးနွေးချက်)

- **MTSH [JUNE | 2023] အထူးအစည်းအဝေးနှင့် (၁၀) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးဆုံးဖြတ်ချက်များ ထုတ်ပြန်**

၂၀၂၃ ခုနှစ် ဇွန်လ (၂၂) ရက်နေ့တွင် MTSH ကုမ္ပဏီမှ ယင်းနေ့တွင်ကျင်းပပြုလုပ်ခဲ့သော အထူးအထွေထွေအစည်းအဝေးနှင့် (၁၀) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး၌ အတည်ပြုခဲ့သည့်ဆုံးဖြတ်ချက်များအား အများပြည်သူသို့ ကြေညာခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်-https://cutt.ly/5wiK8uMe

- **EFR [JUNE | 2023] အဆိုပြုထားသည့်အမြတ်ဝေစုအား အသိပေးကြေညာ**

၂၀၂၃ ခုနှစ်၊ ဇွန်လ (၂၁) ရက်နေ့တွင် EFR ကုမ္ပဏီမှ အဆိုပြု အမြတ်ဝေစုပမာဏကို သာမန်အစုရှယ်ယာ တစ်စုလျှင် (၃၈) ကျပ်နှုန်း ခွဲဝေပေးရန် ဆုံးဖြတ်ကြောင်းနှင့် အမြတ်ဝေစုခံစားခွင့်ရရှိမည့် အစုရှယ်ယာရှင်အဖြစ် အတည်ပြုမည့်ရက်၊ အမြတ်ဝေစုခံစားခွင့်မရှိသော အစုရှယ်ယာဝယ်ယူသည့်ရက်တို့အား အများပြည်သူသို့ အသိပေးကြေညာခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန် - https://tinyurl.com/mr3j4f52

- **EFR [JUNE | 2023] စာရင်းစစ်ဆေးပြီးသော ဘဏ္ဍာရေးရှင်းတမ်းများ ထုတ်ပြန်**

၂၀၂၃ ခုနှစ် ဇွန်လ (၃၀) ရက်နေ့တွင် EFR ကုမ္ပဏီမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် စာရင်းစစ်ဆေးပြီးသော ဘဏ္ဍာရေးရှင်းတမ်းများအား အများပြည်သူသို့ ထုတ်ပြန်ခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန် - http://bitly.ws/L8ZR

- **AMATA [APRIL | 2023] လုပ်ငန်းရောင်းချခြင်းဆိုင်ရာ ကြေညာချက်**

၂၀၂၃ ခုနှစ် ဧပြီလ (၇) ရက်နေ့တွင် AMATA ကုမ္ပဏီမှ My Hpa-An Residence ကို Awinka Holding Co., Ltd သို့ ရောင်းချရန် နှစ်ဖက် သဘောတူ အရောင်းအဝယ်စာချုပ် ချုပ်ဆိုခဲ့ပြီးဖြစ်ကြောင်း ကြေညာခဲ့ပါသည်။
အသေးစိတ်ကြည့်ရှုရန် - https://tinyurl.com/mu58ezve

- **AMATA [JUNE | 2023] နှစ်ပတ်လည်အစီရင်ခံစာ၊ MD& A နှင့်ဘဏ္ဍာရေးရှင်းတမ်းများ ထုတ်ပြန်**

၂၀၂၃ ခုနှစ်၊ မေလ (၂၈) ရက်နေ့ နှင့် ဇွန်လ (၃၀) ရက်နေ့များတွင် AMATA ကုမ္ပဏီမှ (၂၀၂၂-၂၃) ခုနှစ်အတွက် နှစ်ပတ်လည်အစီရင်ခံစာ၊ MD& A နှင့်ဘဏ္ဍာရေးရှင်းတမ်းများကို ထုတ်ပြန်ခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန် -
http://bitly.ws/L9qx (နှစ်ပတ်လည်အစီရင်ခံစာ)| http://bitly.ws/L9Vy (ဘဏ္ဍာရေးရှင်းတမ်းများ) | http://bitly.ws/L9Yz (စီမံခန့်ခွဲရေးအဖွဲ့၏ ဆွေးနွေးချက်)

CONTINUED:

FROM PAGE 2:

# YSX QUARTERLY MARKET SUMMARY (Q1-2023-24)

## ၂၀၂၃-၂၄ ဘဏ္ဍာနှစ် ပထမသုံးလပတ်အတွင်း YSX ဈေးကွက်အခြေအနေ

CONTINUOUS + BLOCK TRADING


| STATISTICS AT A GLANCE (MAIN BOARD) | Q4-22/23 (JAN- MAR) | Q1-23/24 (APR - JUN) | % CHANGE |
|---|---|---|---|
| အရောင်းအဝယ်ပြုလုပ်သည့် ရက်စုစုပေါင်း | 62 | 56 | |
| စာရင်းဝင်ကုမ္ပဏီအရေအတွက် | 7 | 7 | |
| စတော့အညွှန်းကိန်း (MYANPIX) | 365.17 | 355.86 | (3%) |
| အရောင်းအဝယ်ဖြစ်မြောက်သည့် ရှယ်ယာစောင်ရေစုစုပေါင်း | 316734 | 477502 | 34% |
| နေ့စဉ်ပျမ်းမျှအရောင်းအဝယ်ဖြစ်မြောက်သည့် ရှယ်ယာစောင်ရေ | 5109 | 8527 | 40% |
| အရောင်းအဝယ်ဖြစ်မြောက်သည့် စတော့ရှယ်ယာတန်ဖိုးစုစုပေါင်း (ကျပ်သန်းပေါင်း) | 1137 | 1377 | 17% |
| နေ့စဉ်ပျမ်းမျှအရောင်းအဝယ်ဖြစ်မြောက်သည့် စတော့ရှယ်ယာတန်ဖိုး (ကျပ်သန်းပေါင်း) | 18.33 | 24.59 | 25% |
| ဈေးကွက်တန်ဖိုးစုစုပေါင်း (ကျပ်သန်းပေါင်း) | 643468 | 627060 | (3%) |

# QUARTERLY STOCK PERFORMANCE (Q1-2023-24)

## ၂၀၂၃-၂၄ ဘဏ္ဍာနှစ် ပထမသုံးလပတ်အတွင်း စတော့ရှယ်ယာများ၏ ဈေးနှုန်းအတက်အကျအား တင်ပြခြင်း

CONTINUOUS TRADING ONLY

### FMI




ရှယ်ယာစောင်ရေစုစုပေါင်း: - 27075
တန်ဖိုးစုစုပေါင်း (ကျပ်သန်းပေါင်း) - MMK 217.81 mil

### MTSH





ရှယ်ယာစောင်ရေစုစုပေါင်း:- 140478
တန်ဖိုးစုစုပေါင်း (ကျပ်သန်းပေါင်း) - MMK 406.03 mil

### MCB





ရှယ်ယာစောင်ရေစုစုပေါင်း - 8133
တန်ဖိုးစုစုပေါင်း (ကျပ်သန်းပေါင်း) - MMK 57.73 mil

### FPB





ရှယ်ယာစောင်ရေစုစုပေါင်း - 212471
တန်ဖိုးစုစုပေါင်း (ကျပ်သန်းပေါင်း) - MMK 310.42 mil

### TMH





ရှယ်ယာစောင်ရေစုစုပေါင်း: - 4454
တန်ဖိုးစုစုပေါင်း (ကျပ်သန်းပေါင်း) - MMK 10.99 mil

### EFR





ရှယ်ယာစောင်ရေစုစုပေါင်း: - 5435
တန်ဖိုးစုစုပေါင်း (ကျပ်သန်းပေါင်း) - MMK 13.55 mil

### AMATA




ရှယ်ယာစောင်ရေစုစုပေါင်း: - 4276
တန်ဖိုးစုစုပေါင်း (ကျပ်သန်းပေါင်း) - MMK 20.48 mil

### MYANPIX




ရှယ်ယာစောင်ရေစုစုပေါင်း: - 402322
တန်ဖိုးစုစုပေါင်း (ကျပ်သန်းပေါင်း) - MMK 1037 mil